(၁၉၈၄) ခုနှစ်တွင် ပြည်နယ်ဖွံ့ဖြိုးရေးအတွက်ဟုဆိုကာ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကော့မံဖယ်ကျေးရွာ၊ အီးပြစ်ကျေးရွာအုပ်ရှိ ကော့မံဖယ်ကွင်း၊ ကွင်းအမှတ်(၉၆၃) လယ်ယာမြေ(၃၆၀) ဧကအား တပ်မတော်မှ သိမ်းဆည်းခဲ့ပြီး ပ.လ.ဖမှ သီဟိုပင်များစိုက်ပျိုးခဲ့ရာ မအောင်မြင်သဖြင့် ဆက်လက်လုပ်ကိုင်ခြင်း မရှိဘဲ စွန့်ပစ်ထားခဲ့ကာ (၁၉၈၅)ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ မြေလွတ်မြေရိုင်းသဖွယ်စွန့်ပစ်ထားခဲ့သည်။ ယင်းကျေးရွာတွင် လုပ်ကိုင်စားသောက်ခဲ့သော တောင်သူများသည် ယင်းကဲ့သို့ မြေသိမ်းခြင်းများကြောင့် အလုပ်လက်မဲ့များဖြစ်ပြီး စီးပွာရေးများကျပ်တည်းလျက်ရှိသည်။ အဆိုပါတောင်သူများသည်(၂၀၁၃)ခုနှစ်တွင် စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိတော့သော ယင်းမြေများပေါ်တွင် ဂင်ရောက်ခုတ်ထွင်ရှင်းလင်းခဲ့ရာ အမှတ်(၂) စက်မှုဂန်ကြီးဌာန ၊ စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး စိုက်ကွင်းတာဂန်ခံ ဦးခင်မောင်ထွေးက အမှတ်(၂) စက်မှုဂန်ကြီးဌာနပိုင်မြေဟု လာရောက် ဆိုင်းဘုတ်စိုက်ထူပြီး ပေါင်မြို့နယ် တရားရုံးတွင် မူလပိုင်ရှင်များအား ပုဒ်မ(၄၄၇)ဖြင့် တရားစွဲဆိုပြီး ယခုအချိန်ထိ အမှုရင်ဆိုင်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး၏ ကောင်းမွန်သော အစိုးရတစ်ရပ် သန့်ရှင်းသော အစိုးရ တစ်ရပ်ဖြစ်စေရေးအတွက် လမ်းညွှန်အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး ဦးတည်ချက်များကို အလေးထားပြီး မြေမဲ့၊ ယာမဲ့ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးမှုကြောင့် မိသားစု စားဂတ်နေရေးအတွက် လွန်စွာ ဒုက္ခရောက်ရပြီး ပြည်သူ့လွှတ်တော်နာယကကြီးနှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနှင့် နိုင်ငံတော်အကြီးအကဲများ၏ ထုတ်ပြန်သော ကြေညာချက်များကို တန်ဖိုးထားကာ အသိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိနိုင်စေရန် အတွက် ဥပဒေမဲ့ လယ်ယာမြေ သိမ်းဆည်းခံရသော ကော့မံဖယ် ကျေးရွာသူ/ကျေးရွာသားက နေပြည်တော် ပြည်သူ့လွှတ်တော်ရုံး ပြည်သူ့လွှတ်တော် တရားစီရင်ရေး ဥပဒေရေးရာနှင့် ပြည်သူတို့၏ နစ်နာချက်နှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ ဥက္ကဌ၊ နေပြည်တော် ပြည်ထောင်စု အစိုးရအဖွဲ့ မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲရေးဆပ်ကော်မတီ ဥက္ကဌ၊ နေပြည်တော် ကာကွယ်ရေး ဦးစီးချုပ်ရုံး ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ နေပြည်တော် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဗဟိုမြေအသုံးချရေးကော်မတီ ဥက္ကဌ ဒုတိယသမ္မတ ဦးညာဏ်ထွန်း ၊ နေပြည်တော် စစ်ထောက်ချုပ်ရုံး စစ်ထောက်ချုပ် ဗိုလ်ချုပ်မင်းနိုင် ၊ နေပြည်တော် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်

တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော် ပြည်သူ့လွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုစုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ တို့အား ၂၀၁၄ ခုနှစ် ဧပြီလက တင်ပြတောင်းဆိုထားသည်။